
Swae Nyoe
စွဲညို့
စာစဉ် - ၄
မြေခွေးလေးရဲ့
ချစ်ခြင်းဒဏ္ဍာရီ
စွဲညို့

## အခန်း (၁၁၆)

ရှောင်ဇီအာက ဒေါသထွက်စွာဖြင့် ရေခဲချောက်မှ ထွက်ခွာသွားသည်။ ဟူအာ ကျိုးလျန်နတ်မင်းကို ခေါင်းညိတ် အရိုအသေပြုလိုက်သည်။ အမှန်မှာ ခေါင်းညိတ်ခြင်းက အရိုအသေပြုခြင်း မဟုတ်ပေ။ အသိအမှတ်ပြုသော အပြုအမူမျှသာ ဖြစ်၏။

သို့သော် ကျိုးလျန်နတ်မင်းက ကျိုးရင်းနတ်ဘုရားမနှင့် နှစ်ပေါင်းသောင်းချီ နေထိုင်ခဲ့သူ ဖြစ်သည်။ ကျိုးရင်းနတ်ဘုရားမ၏ အပြုအမူများကို ရင်းနှီးနေနှင့်ပြီးသူ ဖြစ်ကာ ညီမဖြစ်သူ၏ မယဉ်မကျေး ဆက်ဆံသည့် ပုံစံကိုလည်း ရင်းနှီးပြီးသူ ဖြစ်လေရာ ဤတူငယ်လေး၏ မယဉ်ကျေးမှုကို စိတ်ထဲတွင် အမှတ်မထား ဗွေမယူနေတော့ပေ။

ဟူအာ ထွက်သွားတော့မှ ကျိုးလျန်နတ်မင်းက ခေါင်းယမ်းပြီး တီးတိုးပြောလိုက်သည်။

"သူ့အမေအတိုင်းပဲ ဟူး.. ငါ့စိတ်ထင် သူသာ ကောင်းကင်မိုးကြိုးနဲ့ မမွေးလာရင် မွေးလာဖို့ တခြား နတ်ဝိညာဉ်တွေ ရှိမှာ မဟုတ်ဘူး။ သူမို့လို့သာ ဒီလိုအမှတ်လက္ခဏာနဲ့ မွေးလာရဲတာ"

ဟူအာက ကျိုးလျန်နတ်မင်း၏ အိမ်တော် အနောက်ဝန်းသို့ ခြေချလိုက်သည်နှင့် ထောင်ချီသော ရေခဲအမြုတေများဖြင့် ပြုလုပ်ထားသည့် ရေခဲရုပ်ထုများကို တွေ့လိုက်ရတော့သည်။

လုံဆစ်က ထိုနေရာအနီးသို့ မတိုးလာတော့ပေ။ ကျိုးလျှန်နတ်မင်း၏ အနောက်ဝန်းအစပ်တွင်သာ ရပ်လျက် ကျန်နေခဲ့တော့၏။

ထိုရေခဲအိမ်တော်၏ ခြံဝန်းကို အရှေ့တောင်ပင်လယ်မှ ကျောက်တုံးငယ်များဖြင့် ပြုလုပ်ထားခြင်း ဖြစ်သည်။ ခြံဝန်းတစ်ခုတည်းကပင် ရှေးကျပြီး ပြင်းထန်သော နတ်စွမ်းအားကို ထုတ်လွှတ်ပေးနိုင်သည်။ ထိုကျောက်တုံးများက ယခုတွင်မူ ရှားပါးလွန်းလှပြီ ဖြစ်၏။

သမိုင်းကြောင်းအရ ထိုအရှေ့တောင်ပင်လယ်မှ ကျောက်တုံးများက ရှေးဟောင်းခေတ် ကတည်းက ရေခဲချောက်စံအိမ်တော်သို့ သယ်ဆောင်လာခြင်းကို ခံခဲ့ရသည်ဟု ဆိုကြသည်။ သို့သော် နောက်ဆုံးတွင် ကျိုးလျှန်နတ်မင်း၏ အိမ်တော်အတွက် ရေခဲရုပ်ထုများနှင့် ပိုင်းခြားရန် အသုံးဝင်သော တံတိုင်းဖြစ်လာသည်။

ထိုတံတိုင်းမှလွန်၍ ရေခဲရုပ်ထုများဘက်သို့ တော်ရုံမည်သည့်နတ်များမှ မဝင်ရောက်ရဲကြပေ။ ရှေးဟောင်းနတ်မင်းကြီးတစ်ပါး၏ အမြုတေသည်က နတ်စွမ်းအားများကို စုပ်ယူနိုင်စွမ်းရှိသည်။ ထို့ကြောင့် ထိုနေရာမှ လွန်၍ မည်သည့်နတ်မင်းမျှ မလာရောက်ကြခြင်း ဖြစ်သည်။

သို့သော် ဟူအာအတွက်ကတော့ မတူချေ။ ဟူအာက တစ်မူထူးခြားသော နတ်စွမ်းအားဖြစ်သည့် သဘာဝလွန်နတ်စွမ်းအားကို ပိုင်ဆိုင်ထား၍သာ ထို နတ်စွမ်းအား စုပ်ယူမှုကို ခုခံနိုင်ခြင်း ဖြစ်သည်။ သို့သော် အေးစိမ့်မှုကတော့ သိသာလှသည်။

ဟူအာ အအေးဓာတ်ကို လျှော့ချရန် အပြာနုရောင်ဖြစ်သော သဘာဝလွန် နတ်စွမ်းအားကို ထုတ်သုံးလိုက်သည်။ ထိုတွင်မှ သူ၏ အနီးတစ်ဝိုက်တွင် နွေးထွေးမှုက ပြန်လည် ဝန်းရံလာကြသည်။ လေးနာရီအတွင်း သာမန် နတ်ငယ်တစ်ပါး သေဆုံးသွားနိုင်သည့် အကြောင်းအရင်းမှာ သေချာ

သလောက်ပင် ဖြစ်ပေသည်။

ဟူအာ လရောင်အောက်တွင် များပြားလှစွာသော ရေခဲရုပ်ထုများကို ကြည့်လိုက်မိသည်။ ထိုရေခဲရုပ်ထုများက တစ်ခုချင်းစီကပင် အသက်ဝင်လှသည်။ ခုနစ်ထောင်သော ရေခဲရုပ်ထုများတွင် သုံးထောင်သော ရေခဲရုပ်ထုများကမူ ရေခဲချောက်၏ ရေခဲများနှင့် အာနိသင်နှင့် တူညီပြီး အေးစိမ့်နေသော်လည်း ကျန်သည့်လေးထောင်သော ရေခဲရုပ်ထုများကမူ ရေခဲအမြုတေများစွာဖြင့် ပြုလုပ်ထားခြင်း ဖြစ်သည်။

ထိုခုနစ်ထောင်သော ရေခဲရုပ်ထုများ၏ ရုပ်သွင်က တစ်ဦးတစ်ယောက်တည်းတော့ မဟုတ်နေပေ။ သာမန်ရေခဲဖြင့် ထွင်းထုထားသော ရေခဲရုပ်ထုများက နတ်ဘုရားပင်းရှီ၏ ရုပ်ထုဖြစ်ပြီး ကျန်သော ရုပ်ထုများက သူ၏ကြင်ရာတော်၏ ရုပ်ထုဖြစ်သည်။

ထိုရုပ်ထုအားလုံးက နှစ်ကာလများစွာ ကြာညောင်းလာပြီးသည့်တိုင် အရည်ပျော်မကျသွားသေးပေ။ နတ်မင်းပင်းရှီဖန်တီးထားသော ရေခဲရုပ်ထုတိုင်းက ထိုသို့သော စွမ်းရည်ရှိပေသည်။ ထိုမျှသာမကသေးပေ။ အနည်းငယ်မျှသော ပျက်စီးယိုယွင်းမှုမျိုးပင် မရှိဟု ဆိုနိုင်သည်။

ဖုန်နှင့် အနည်းငယ်သော နှင်းထုများ စုပုံနေသော်လည်း ထိုရေခဲရုပ်ထုများတွင် အပြီးအပိုင် ကပ်ညှိပြီး ရုပ်ထုများကို ပျက်စီးစေရန် မလုပ်နိုင်ဟန်တူသည်။

ရေခဲနတ်မင်းပင်းရှီ၏ ဝတ်ရုံက အဖြူစွတ်စွတ် ဖြစ်ပြီး ကြင်ရာတော်၏ ဝတ်ရုံက အနည်းငယ် အနီရောင်သို့ သန်းနေသည်။ မျက်နှာပြင်က ရေခဲထုထည်နှင့် ဖန်တီးထားသော်လည်း ကြင်ရာတော်၏ နှုတ်ခမ်းများကတော့ အနီရောင်ဖြစ်နေကာ မည်သို့ ပြုလုပ်ထားသည်မှန်း ဟူအာပင် မသိနားမလည်နိုင်ပေ။

ဖြစ်နိုင်သည်မှာ ထိုကြင်ရာတော်၏ ရေခဲရုပ်ထုကို ရေခဲနတ်မင်းက ပြုလုပ်ခဲ့ခြင်း ဖြစ်နိုင်ပြီး ရေခဲနတ်မင်း၏ ရုပ်ထုကို ကြင်ရာတော်က ပြုလုပ်ခဲ့ဟန် တူသည်။ ထို့ကြောင့် အသုံးပြုထားသော ရေခဲ၏ အာနိသင်က ကွဲပြားနေခြင်း ဖြစ်နိုင်သည်။

ရေခဲနတ်မင်းက ထိုကြင်ရာတော်၏ ရုပ်ထုကို ပြုလုပ်စဉ်တွင် ရေခဲအမြုတေကို အသုံးပြုနိုင်သော်လည်း သူ၏ ကြင်ရာတော်မှာမူ ရေခဲအမြုတေများကို မဖန်တီးနိုင်ဟန် တူ၏။ ထို့ကြောင့် နတ်လောက၏ ပထမဆုံးသော ဖြစ်တည်မှု နတ်မင်း၏ ရုပ်ထုများက ရေခဲပြင်မှ ရေခဲများသာ ဖြစ်နေဟန် တူလေသည်။

အေးစက်နေသော လေပြည်က ထိုရုပ်ထုများ၏ ဝတ်ရုံများကိုပင် တလှပ်လှပ် လွင့်ပါစေတော့မလိုပင် ဖြစ်နေသည်။ သို့သော် ထိုဝတ်ရုံများက ရေခဲထုများသာ ဖြစ်သည်။ ထို့ကြောင့် လရောင်ကြောင့်လဲ့နေသော်လည်း လွင့်မျောနေခြင်းတော့ မရှိပေ။

"သူတို့ နှစ်ယောက်လုံးက အမျိုးသားတွေ လိုလိုပဲ"

ဟူအာ တီးတိုးရေရွတ်လိုက်သည်။ သို့သော် မေးရန်တော့ မည်သူမျှ ရှိမနေပေ။ ကြည့်ရသည်မှာ ဟူအာက ကောလာဟလများဖြင့်သာ နတ်သမိုင်းကို သိရှိနေပုံရ၏။ သူက ကောင်းကင်နန်းတော်မှ နတ်သမိုင်းများကို မလေ့လာရသေးပေ။ အမှန်တကယ်ပင် လေ့လာရန် လိုနေဟန် တူ၏။

"ဒါမှမဟုတ်ရင် သူ့ရဲ့အလှတရားက သိပ်ကို သေးလွန်းတာပဲ ဖြစ်နိုင်တယ်"

ဟူအာ ထပ်မံ၍ ရေရွတ်လိုက်ပြန်သည်။ သို့သော်လည်း သူ့အား အတည်ပြု ထောက်ခံပေးမည့်သူ မည်သူမျှ ရှိမနေပေ။

ကောင်းကင်နတ်သမိုင်းကို ဟူအာက စာမကြေသော်လည်း အမျိုးသားနှင့် အမျိုးသမီး၊ သို့မဟုတ် နတ်သားနှင့် နတ်သမီး ကွာဟချက်ကိုတော့ ကောင်းစွာ နားလည်သေးသည်။ ထိုကြောင့်ရာတော် ရေခဲရုပ်ထုက အမှန်ပင် အမျိုးသားနှင့် တူလွန်းလှပေသည်။

ဟူအာ နတ်စွမ်းအား အနည်းငယ်ဖြင့် ရေခဲရုပ်ထု တစ်ခုကို သန့်ရှင်းရေး ပြုလုပ်လိုက်သည်။ လရောင်အောက်တွင် ထိုရေခဲရုပ်ထုက မူလ အသွင်အပြင်ကို ပီသစွာ ပေါ်လာသည်။

"နှစ်သန်းပေါင်းများစွာ ကြာပြီးနေတာတောင်မှ ဒီရုပ်ထုတွေက မပျက်စီး တဲ့အပြင် နဂိုအတိုင်းနဲ့ သိပ်တောင်မှ မကွာဘူးဆိုတော့ သိပ်ကို ဆန်းကျယ် လွန်းသွားပြီ"

ဟူအာ မသိသည်မှာ လွန်ခဲ့သော နှစ်နှစ်သောင်းခန့်က ကျိုးရင်းနတ် ဘုရားမ၏ ရေခဲချောက်သို့ အလည်အပတ်ခရီးတွင် ထိုရုပ်ထုများအား နောက်ဆုံးတစ်ကြိမ် သန့်ရှင်းရေး လုပ်ပေးဖူးသည်။

ထိုရေခဲလွင်ပြင်အတွင်းသို့ အိမ်ရှေ့မင်းသားနှင့် ကျိုးရင်းနတ်ဘုရားမကသာ ဝင်ရောက်လည်ပတ်နိုင်ခြင်း ဖြစ်သည်။ တခြားမည်သို့သော နတ်မင်းကမှ အရဲကိုးပြီး နတ်စွမ်းအားများကို စုပ်ယူခံရန်အတွက် ဤနေရာသို့ မလာရဲကြပေ။ သေချာပေါက်ပင် ထိုအကြောင်းကို ဟူအာက လုံးဝကို မသိရှိနေပေ။

"အရှင့်သား ကျွန်တော် ဒီနေ့ နတ်စွမ်းအား နှစ်တစ်သန်းကို ထုတ်ယူထားလို့ ဒီမှာပဲ စောင့်နေပါတော့မယ်။ အရှင့်သားက တစ်ခုခု အလိုရှိရင် စကားသံ ပါးပေးလိုက်ပါ"

လုံဆစ်၏ အသံက လှိုင်းတစ်ခုအဖြစ် ပို့ဆောင်ခြင်း အတတ်ပညာသုံး၍ ဟူအာထံ ရောက်ရှိလာသည်။ ဟူအာ မည်သို့မျှ ပြန်မပြောလိုက်ပေ။ ဟူ

အာ နောက်တစ်ကြိမ်တွင် ကြင်ရာတော်၏ ရေခဲရုပ်ထု တစ်ခုကို ဖုန်မှုန့်များ ဖယ်ရှားရန် တွေးလိုက်မိသည်။

ဟူအာ လက်ဖြင့် ဖွေ့ယမ်းလိုက်သော်လည်း ထိုရေခဲရုပ်ထုက သန့်ရှင်းမ သွားပေ။ နတ်စွမ်းအား သက်ရောက်မှုကို ထိုရေခဲရုပ်ထုက လက်မခံသည့် အလားပင်။ နောက်တစ်ကြိမ်တွင်လည်း ထိုနည်းလည်းကောင်း ဖြစ်သည်။

သို့သော် ဟူအာ လက်အတွင်း သဘာဝလွန်နတ်စွမ်းအား အနည်းငယ်က အပြာရောင်အလင်းမှုန်များအဖြစ် စုဝေး ရောက်ရှိလာပြီးနောက် သန့်ရှင်း ရေးဂါထာကို အသုံးပြုလိုက်သည်။ ထိုတွင်မှ ထိုရုပ်ထုက သန့်ရှင်းပေးမှုကို လက်သင့်ခံပြီး သန့်ရှင်းသွား၏။

ထိုရေခဲရုပ်ထုများ၏ နှစ်သန်းနှင့်ချီ မပျက်မစီး တည်ရှိနေနိုင်ခြင်းကို ဟူ အာ နားလည်သင့်သလောက် နားလည်သွားပြီဖြစ်သည်။ ထိုရေခဲရုပ်ထု များက နတ်စွမ်းအားဖြင့် ထိခိုက်မိခြင်းကို ခုခံနိုင်သည်။ အကယ်၍ ဟူ အာသာ သဘာဝလွန်နတ်စွမ်းအား ပိုင်ရှင် ဖြစ်နေပါက ထိုသို့သောသန့်ရှင်း ပေးမှုကို ထိုရေခဲရုပ်ထုများက လက်သင့်ခံမည် မဟုတ်ပေ။

ထို့ကြောင့် ထိုနတ်စွမ်းအား ခုခံနိုင်စွမ်း ပါဝင်နေသော ထိုရေခဲရုပ်ထုများ အား တခြားသော နတ်တစ်ပါးပါးမှ ပျက်စီးအောင် လုပ်ချင်လျှင်ပင် မလွယ် ကူပေ။ ဆိုရိုးအရ ပင်းရှီနတ်မင်း၏ နတ်စွမ်းအားမှ ဆင်းသက်သော သာမန်ရေခဲပင်လျှင် ဖြိုခွဲရန် ခက်ခဲပေသည်။

ကောလာဟလများအရ နတ်များအားလုံးအနက် ကောင်းကင်နတ်တို့၏ ခန္ဓာကိုယ်က လှပချောမွေ့ခြင်း၊ သိမ်မွေ့ခြင်းနှင့် သန်မာခြင်းများ စုဖွဲ့ ထားသည်ဟု ဆိုနိုင်သည်။ ဆိုရလျှင် ကောင်းကင်နတ်များ၏ ခန္ဓာကိုယ်က ချောမောလှပပြီး နုနယ်ပျိုမြစ်သော်လည်း အသန်မာဆုံး ဖြစ်သည်။

သာမန်သေမျိုးပစ္စည်းများက ကောင်းကင်နတ်များ၏ လက်အတွင်း အားနည်းငယ် ထည့်ရုံမျှပင် နတ်စွမ်းအားပင် သုံးရန်မလိုဘဲ အလွယ်တကူ ဖုန်မှုန့်များကဲ့သို့ ပျက်စီးသွားစေနိုင်သည်။

သို့တည်းမဟုတ် အမတဘုံမှ အသုံးအဆောင်များပင်လျှင် ကောင်းကင်နတ်များ၏ နတ်ခန္ဓာကိုယ်ကြောင့် မတော်တဆ သို့မဟုတ် တမင်သက်သက် ပျက်စီးသွားစေနိုင်သည်။ ကောင်းကင်နတ်ဟူသည်က ထိုသို့သော ဖြစ်တည်မှုမျိုး ဖြစ်လေသည်။

သို့ရာတွင် ကောင်းကင်နတ်များ၏ အသုံးအဆောင်များကိုမူ သေမျိုးများ သို့မဟုတ် အမတဘုံသားများက ပျက်စီးအောင် ပြုလုပ်ရန်မှာ အလွန်ခက်ခဲပေသည်။ ကော်းကင်နတ်များ၏ အသုံးအဆောင်ပစ္စည်းများကို ကောင်းကင်နတ်များသာလျှင် ဖျက်ဆီးနိုင်သည်။

သို့သော် ပင်းရှီနတ်မင်း၏ နတ်စွမ်းအားမှ ဆင်းသက်လာသည့် ရေခဲများတော့ မပါဝင်ပေ။ ထိုရေခဲများကို ချိုးဖျက်ရန် ပင်းရှီနတ်မင်းကိုယ်တိုင်ပင် သူ၏ နတ်ခန္ဓာကိုယ်မှ လက်များ ကျိုးသွားသည်အထိ ထိုးချေခဲ့ရဖူးသေးပေသည်။ သို့သော် ထိုအဖြစ်အပျက်ကို ဟူအာက မသိထားပေ။

ဟူအာက တစ်ညလုံး ထိုနတ်ရုပ်ထုများကို တစ်ခုပြီးတစ်ခု သန့်ရှင်းရေးလုပ်ပြီးနောက် သူ၏နတ်စွမ်းအားက လျော့နည်းလာကာ ပြန်လည်ဖြည့်ဆည်းရန် လိုအပ်သည့်အနေအထားသို့ ရောက်ရှိသွားသည်။

ဟူအာ သန့်ရှင်းရေးပြုလုပ်၍ ပြီးသည်သည့် အချိန်တွင် မိုးသောက်လုနီးပါးသို့ပင် ရောက်နေပြီဖြစ်၏။ သူ၏ နည်းပါးသွားသော နတ်စွမ်းအားကို ပြန်လည်ဖြည့်တင်းရန် ဟူအာ ရေခဲပြင်ပေါ်၌ အကာအရံတစ်ခု ပြုလုပ်လိုက်ပြီး တင်ပျဉ်ခွေ ထိုင်လိုက်သည်။

သူ၏ နတ်အသက်ဓာတ်ကို ခန္ဓာကိုယ်အတွင်း လှည့်ပတ်စေလိုက်ပြီး

နတ်စွမ်းအားကို ဖြည်းညင်းစွာ ပြန်လည်ဖြည့်တင်းလိုက်သည်။ ကျိုးမျိုးနွယ်တို့၏ ကုသမှုစွမ်းရည်ပါသော နတ်အသက်ဓာတ်က ဆန်းကျယ်လှသည်။

***